မြန်မာသံရုံး၊ ဆိုးလ်မြို့

<u>**စီးပွားရေးသံမှူးက (အခါအားလျော်စွာ) အခြားတင်ပြသည့်သတင်းများ**</u>

## တူရကီတွင် ပျောက်ဆုံးနေသော ကိုရီးယားလူငယ်IS အဖွဲ့သို့ဝင်ရောက်သွားဖွယ်ရှိ

၁။ တူရကီနိုင်ငံတွင် ပျောက်ဆုံး သွားသော ကိုရီးယားဆယ်ကျော်သက်အရွယ် လူငယ်တစ်ဦးသည် ဆီးရီးယားရှိ အစွန်းရောက်အစ်စလမ်မစ်နိုင်ငံ (IS) အဖွဲ့သို့ဝင်ရောက်သွားဖွယ်ရှိကြောင်း စနေနေ့က ရရှိသောသတင်းများအရ သိရှိရသည်။ တူရကီသတင်းစာ Milliyet ၏သတင်းအရ ကိုရီးယားလူငယ်သည် နယ်စပ်ကိုဖြတ်ကျော်၍ ဆီးရီးယားသို့ဝင်ရောက်သွားဖွယ်ရှိသည်။ တူရကီသို့ ဇန်နဝါရီလ ၈ ရက်နေ့တွင် တရားမဝင် ဝင်ရောက်မလာမီ IS အဖွဲ့နှင့် အီးမေးလ်အပြန်အလှန်ဆက်သွယ်မှုများ ရှိခဲ့သည်ဟု သူနှင့်အဖော်ပါသွားသူ ကိုရီးယားလူမျိုးတစ်ဦးက ပြောဆိုသည်။

၂။ တူရကီရှိ ကိုရီးယားသံရုံး၏အဆိုအရ ကိုရီးယားလူငယ်အား တူရကီ-ဆီးရီးယားနယ်စပ်ရှိ ဟော်တယ်တစ်ခုတွင် နောက်ဆုံးတွေ့ခဲ့သည်။ သံရုံးမှအရာထမ်းတစ်ဦးက တူရကီသတင်းပေးပို့ချက်များသည် တိကျသေချာမှုမရှိကြောင်း Yonhap News သို့ ပြောကြားခဲ့သည်။ ကိုရီးယားလူငယ်နှင့် ပါလာသည့်အဖော် အသက် ၃၀ အရွယ် ကိုရီးယားလူမျိုးက ယင်းလူငယ်သည် ဆီးရီးယားနိုင်ငံတွင်းသို့ ဝင်ရောက်သွားခဲ့ကြောင်း တူရကီအစိုးရသို့ သတင်းပို့ခဲ့သည်။ ပြီးနောက် ကိုရီးယားသံရုံးသို့လည်း လူငယ် လေး ပျောက်ဆုံးသွားကြောင်း အကြောင်းကြားခဲ့သည်။ တူရကီအစိုးရက ကိုရီးယားလူငယ်သည် ဆီးရီးယားသို့ ဝင်ရောက်သွားသည့်အထောက်အထားတိတိကျကျမရှိကြောင်း ဆိုသည်။

၃။ ကိုရီးယားသံရုံးက ဇန်နဝါရီလ ၁၃ ရက်နေ့ကတည်းက သံရုံး အရာထမ်းများကို စေလွှတ်၍ တူရကီရဲများနှင့် ပူးပေါင်းပြီး ကို ရီးယားလူငယ်လေးအား ရှာဖွေနေကြောင်း သတင်းထုတ်ပြန်သည်။ လူငယ်လေး၏အဖော်ဖြစ်သူအား ကိုရီးယားအာဏာပိုင်များက ချုပ်နှောင်ထားပြီး စစ်ဆေးမေးမြန်းနေသည်။ ဆိုးလ်ရှိ လူငယ်လေး၏မိခင်ဖြစ်သူက သူ၏သားသည် အွန်လိုင်းတွင်အီးမေးလ်ဖြင့် တူရကီ သူငယ်ချင်းတစ်ဦးနှင့် အဆက်အသွယ်ရှိကြောင်း ပြောဆိုသည်။ တူရကီရဲများက ကိုရီးယားလူငယ်၏ ဖုန်းမှတ်တမ်းကို စစ်ဆေးရာတွင် IS အဖွဲ့နှင့်ဆက်သွယ်ထားမှု သက်သေများမရှိကြောင်း ပြောဆိုသည်။ (ကိုးကားချက်-The Korea Times)

## သုံးသပ်တင်ပြချက်

၄။ တောင်ကိုရီးယားနိုင်ငံသည် မူလရင်းမြစ် ဗုဒ္ဓဘာသာနိုင်ငံတစ်ခုဖြစ်သော်လည်း ယ ခုအခါ ဗုဒ္ဓဘာသာဝင် ၂၂.၈%၊ ပရိုတက်စတင့် ခရစ်ယာန်ဘာသာဝင် ၁၈.၃%၊ ရိုမန်ကက်သလစ်ဘာသာဝင် ၁၀.၉%၊ ဘာသာမဲ့ ၄၆.၅% နှင့် အခြားဘာသာဝင် ၁.၇% တို့ဖြစ်ကြသည်။ အခြားဘာသာဝင်များတွင် မူဆလင်ဘာသာဝင်များ ၄၀,၀၀၀ ဦးခန့်သာရှိပြီး၊ ၄င်းတို့သည် ကိုရီးယားစစ်ပွဲအတွင်း ဘာသာ ပြောင်းခဲ့ကြသူများဖြစ်ကြသည်။ အကြီးမားဆုံးမူလဆင် ဘုရားရှိခိုးကျောင်း (Seoul Central Mosque )ကို Itaewon ရပ်ကွက်တွင်ရှိသည်။ မူဆလင်ဘုရားရှိခိုးကျော င်းများနိုင်ငံတွင်းနည်းပါးစွာတည်ရှိပြီး၊ prayer room များထားရှိပေးသည့် ဟိုတယ်များ နည်းပါးစွာတည်ရှိသည်။ အစ္စလာမ် ဘာသာရေးဆို င်ရာ ရုံးပိတ်များကိုလည်း အများပြည်သူရုံးပိတ်ရက်သတ်မှတ်ထားခြင်းမရှိချေ။ မူဆလင် ဘာသာဝင်များအတွက် သီးသန့်စားသောက်ဆိုင် Hala Food ရောင်းချသောဆိုင်များလည်း မရှိ သလောက်ရှားပါးသည်။

## သမ္မတ မဒမ်ပတ် မြောက်ကိုရီးယားနှင့်တွေ့ဆုံဆွေးနွေးရန်ကတိပြုခဲ့

၅။ ကမ်းလှမ်းထားသည့် ကိုရီးယားကျွန်းဆွယ်အရေး ဆွေးနွေးပွဲတွ င် မြောက်ကိုရီးယားပါဝင်လာစေရန်နှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန်အတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးထားရန် မဒမ်ပတ်က သူမ၏အရာရှိများကို တနင်္လာနေ့က တိုက်တွန်းပြောကြားခဲ့သည်။ မည်ကဲ့သို့သော ဆွေးနွေးပွဲမျိုးဖြစ်စေ၊ မြောက်ကိုရီးယားက တုန့်ပြန်လာရန်နှင့် စေ့ စပ်ညှိနှိုင်းမှုစတင်ရန်သာလိုအပ်ကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပေါင်းစည်းရေးဝန်ကြီးဌာနများနှင့် အစည်းအဝေးတွင် မဒမ်ပတ်က ပြောကြားခဲ့သည်။ ယခုနှစ်သည် တောင် /မြောက်ကိုရီးယားသည် ကွဲကွာသွားခြင်း နှစ်ပေါင်း ၇ဝ ပြည့်မြောက်ပြီဖြစ်၍ ဆိုးလ်နှင့် ပြုံယမ်းတို့ ပူးပေါင်းဆောင်ရွက်မှုတိုးတက်၍ အမြင်ချင်းဖလှယ်နိုင်ပြီး ပေါင်းစည်းရေးအခြေခံကောင်းများ စတင်သွားသင့်ပြီဖြစ်ကြောင်း မဒမ်ပတ်က ဖြည့်စွက်ပြောဆိုသည်။

၆။ ၁၉၅ဝ-၅၃ ခုနှစ် ကိုရီးယားစစ်ပွဲအတွင်းက စတင်ကွဲကွာသွားခဲ့သော မိသားစုများပြန်လည်ပေါင်းစည်းရေးအပါအဝင် အခြားအရေးကိစ္စများဆွေးနွေးရန်အတွက် တောင်ကိုရီးယားက ဇန်နဝါရီလ အစောပိုင်းကတည်းက စတင်ကမ်းလှမ်းထားခဲ့သော ဝန်ကြီးများအဆင့်ဆွေးနွေးပွဲပြုလုပ်ရန်အဆိုပြုချက်ကို ပြုံယမ်းက မည်သို့မှတုန့်ပြန်မှုမရှိခဲ့ချေ။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်က သူ၏နှစ်သစ်မိန့်ခွန်းတွင် တောင်ကိုရီးယားနှင့်ဆွေးနွေးပြောဆိုသွားမည်ဟု ပြောကြားခဲ့သော်လည်း ယနေ့ထက်တိုင် တိကျသေချာသော အဖြေပေးခြင်းမရှိသေးချေ။ ယင်းအဖြေအစား တောင်ကိုရီးယားရှိ မြောက်ကိုရီးယားမှ ထွက်ပြေးလာသူများ၏ မြောက်ကိုရီးယားဆန့် ကျင်ရေး လက်ကမ်းစာစောင်များ ကောင်းကင်မှလွှတ်တင်ကြဲဖြန့်ခြင်း ရပ်တန့်ရန်နှင့် အမေရိကန်-တောင်ကိုရီးယား နှစ်စဉ်စစ်ရေးလေ့ကျင့်မှုကို မပြုလုပ်ရန်တို့ကိုသာ တောင်းဆိုခဲ့သည်။ တောင် /မြောက်ကိုရီးယား အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲကို ၂ဝ၁၄ ခုနှစ် ဖေဖော်ဝါရီလက ပြုလုပ်ခဲ့ပြီး၊ ၂ဝ၁၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဆွေးနွေးပွဲပြန်လည်ပြုလုပ်ကြရန် သဘောတူညီခဲ့ကြသည်။ သို့သော် မြောက်ကိုရီးယားသည် ၎င်း၏ဆုံးဖြတ်ချက်ကို ပြောင်းပြန်လှန်ခဲ့ပြီး တောင်ကိုရီးယားပြည်သူများနှင့် မြောက်ကိုရီးယားသစ္စာဖောက်များ၏ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကိုသာ ဝေဖန်ကန့်ကွက်နေခဲ့သည်။

## သုံးသပ်တင်ပြချက်

၇။ မြောက်ကိုရီးယားနှင့်ပေါင်းစည်းရန် တောင်ကိုရီးယားသည် ခိုင်မာသောဥပဒေရေးရာ အခြေခံကောင်းများဖန်တီးပေးရမည်ဖြစ်သည်။ အခြေခံကောင်းများမှနေ၍ မြောက်ကိုရီး ယားနှင့်တွဲဖက်ပြီး စီးပွားရေးနှင့်ယဉ်ကျေးမှု အစီအစဉ်များ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်သွားရမည်။ တစ်ဘက်မှ တောင်ကိုရီးယားနိုင်ငံ၏ သတင်းအချက်အလက်နည်းပညာကို မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုအန္တရာယ်ကို ထိရောက်စွာတုန့်ပြန်နို င်ရေး အဆင့်မြှင့်တင်တည်ဆောက်ထားရမည်။ သံတမန်နည်းလမ်းအရ အမေရိကန်၊ တရုတ်၊ ရုရှားနှင့် ဂျပန်တို့၏အကူအညီယူ၍ မြောက်ကိုရီးယား၏ ညျူကလီးယားရည်မှန်းချက်ကို အပြီးသတ်စွန့်လွှတ်သွားရေး ဆွဲဆောင်စည်းရုံးသွားရမည်လည်း ဖြစ်သည်။

၈။ မြောက်ကိုရီးယား၏ ဆိုင်ဘာတိုက်ခိုက်မှု ပြီးနောက် အမေရိကန်က မြောက်ကိုရီးယားအားယခုလ အစောပိုင်းက စီးပွားရေးပိတ်ဆို့မှုအသစ်တစ်ခု ပြုလုပ်ခဲ့သည်။ မြောက်ကိုရီးယား ခေါင်း

ဆောင်အား လုပ်ကြံသည့် ဟာသဗွီဒီယိုဇာတ်ကား 'The Interview' ထွက်ပေါ်လာပြီးနောက် ယင်းဇာတ်ကားအားဖြန့်ဝေသည့် ဆိုနီရုပ်ရှင်ကုမ္ပဏီအား ဆိုင်ဘာတိုက်ခို က်မှုများ ပြုလုပ်ခံခဲ့ရသည်။ မြောက်ကိုရီး ယားသည် အဆိုပါဆိုင်ဘာတိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည်။ မဒမ်ပတ်က မြောက်ကိုရီးယား၏ဆိုင်ဘာတိုက်ခိုက်မှုများကြောင့် အမေရိကန်က စီးပွားရေးပိတ်ဆို့ မှုအသစ်တစ်ခု ထပ်မံထုတ်ပြန်လိုက်ခြင်းသည် အလွ န်သင့်လျှော်သည့် တုန့်ပြန်မှုဖြစ်ကြောင်း ပြောဆိုခဲ့သည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် တောင် /မြောက်ကိုရီးယားအရေးသည် ချဉ်းကပ် ဖြေရှင်းနိုင်မည့် နည်းဗျူဟာသစ် မဖန်တီးနိုင်သရွေ့ ပေရှည်နေသည့် ဇာတ်မျောကြီး တစ်ခုဖြစ်နေဖြစ်ကြောင်း တွေ့ရှိသုံးသပ်မိပါသည်။

--------------------------------------------------------------------------------------------------------